ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေး

လုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့

# စာပေစိစစ်ရေးမူဝါဒများအား ပြောင်းလဲကျင့်သုံးရန် ထုတ်ပြန်သည့် မူဝါဒ၊ အမှာစာနှင့် ညွှန်ကြားချက်များ

(၂၀၁၁ ခုနှစ်၊ ဇွန်လ)

# စာပေစိစစ်ရေး မူဝါဒများအား ပြောင်းလဲကျင့်သုံးဆောင်ရွက်ရာတွင် ထုတ်ပြန်သည့် မူဝါဒ၊ အမှာစာနှင့်ညွှန်ကြားချက်များ

## နိဒါန်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်အစိုးရအဖွဲ့အား ဖွဲ့စည်းထားရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အပိုင်း ပုဒ်မ ၃၅၄(က)အရ နိုင်ငံသားများအား မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ပေးအပ်ရမည့်အပြင် ယင်းပုဒ်မခွဲ(ဃ)အရ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကိုလည်း လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ပြုရမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိကျင့်သုံးနေသော စာပေစိစစ်ရေးမူဝါဒများအား အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## Print Media ပြောင်းလဲဖြစ်ပေါ်မှုသမိုင်းကြောင်း

၂။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းခဲ့သော ၁၉၄၈–၆၂ ခုနှစ် ကာလများတွင် ပုံနှိပ်မီဒီယာလောကသားများသည် ဝါဒရေး၊ ပါတီရေး၊ ပုဂ္ဂိုလ်ရေးနှင့် ငွေကြေးကိစ္စများအပေါ်အခြေခံဆောင်ရွက်ခဲ့မှုများကြောင့် မဏ္ဍိုင်သုံးရပ်အား ထိန်းကျောင်းရမည့် ရင့်ကျက်တည်ငြိမ်သော စတုတ္ထမဏ္ဍိုင်အဖြစ် မှန်မှန်ကန်ကန် ရပ်တည်နိုင်စွမ်း မရှိခဲ့ဘဲ အထိန်းအကွပ်မဲ့ ပရမ်းပတာပုံစံဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၃။ ယင်းနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်အရောက်တွင် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအား ပြဋ္ဌာန်း၍ ညွှန်ကြားချက်နှင့်အမှာစာများ အသီးသီးထုတ်ဆင့်ကာ စာပေလောကကိုထိန်းချုပ်ထားခဲ့ကြောင်း တွေ့ရှိရပါသည်။ တပ်မတော်အစိုးရလက်ထက်တွင်လည်း နိုင်ငံတော်အား စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် သန္ဓေတည်ပေါက်ဖွားနိုင်ရေးအတွက် လျှောက်လှမ်းနေချိန်၌ ပြည်တွင်းနှင့်နိုင်ငံတကာမှ သွေးထိုးလှုံ့ဆော်မှုလုပ်ရပ်များ၊ ဖိအားများအပေါ်မူတည်၍ စာပေရေးသားခွင့်ကို သင့်လျော်သလို ကန့်သတ် ဆောင်ရွက်ခဲ့ပါသည်။

၄။ ယနေ့အချိန်တွင်မူ ဒီမိုကရေစီခေတ်အစိုးရတစ်ရပ်အနေဖြင့် ပြည်သူကထောက်ခံအတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့်အညီ ပြည်သူများအား လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်ပြုပေးရမည်ဖြစ်သဖြင့် စာပေစိစစ်ရေးမူဝါဒများအား အဆင့်ဆင့်ပြုပြင်ပြောင်းလဲကျင့်သုံးသွားရမည် ဖြစ်ပါသည်။

## ကျင့်သုံးသွားမည့် မူဝါဒ

၅။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံနှိပ်မီဒီယာများအား အခြေခံဥပဒေနှင့်အညီလွတ်လပ်စွာရေးသားထုတ်ဝေခွင့်ပေးရန်။

(ခ) လွတ်လပ်မှုနှင့်အတူ တာဝန်သိစေရေးအတွက် ရှေ့ဆောင်လမ်းညွှန်ပေးရန်။

(ဂ) ပုံနှိပ်မီဒီယာများအနေဖြင့် တာဝန်သိတတ်ရုံမျှမက တာဝန်ရှိမှု၊ တာဝန်ယူမှုရှိစေရေးအတွက်ပါ တည့်မတ်ဖော်ဆောင်ပေးရန်။

(ဃ) ပုံနှိပ်မီဒီယာများအား အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံဆောင်ရွက်စေရေး ထိန်းကျောင်းပေးရန်။

## အမှာစာနှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း

၆။ စာပေစိစစ်ရေးမူဝါဒများအား အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် ပထမအဆင့်အနေဖြင့် အမှာစာ(၂၃)နှင့် ညွှန်ကြားချက်(၄၃)၊ ညွှန်ကြားချက်(၄၄)၊ ညွှန်ကြားချက်(၄၅)၊ ညွှန်ကြားချက်(၄၆)၊ ညွှန်ကြားချက်(၄၇)နှင့် ညွှန်ကြားချက်(၄၈)တို့အား ထုတ်ပြန်လိုက်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့်စာပေစိစစ်ခြင်းဆိုင်ရာလုပ်ငန်းများ**
**ကြီးကြပ်မှုစတီအဖွဲ့**

စာအမှတ်၊ ပစလ/စစရ/၁-၅၁/၀၅၁
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်

## အမှာစာ(၂၃)

သို့
ပုံနှိပ်သူများနှင့်ထုတ်ဝေသူများအားလုံး

အကြောင်းအရာ။ **ဂျာနယ်၊မဂ္ဂဇင်းနှင့်အထွေထွေစာမူများအား အုပ်စုခွဲခြားသတ်မှတ်ခြင်း**

၁။ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသည် စာပေစိစစ်ရေးဆိုင်ရာမူဝါဒများကို ခေတ်နှင့်အညီ အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် ဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူများကို အုပ်စု(၁)နှင့်အုပ်စု(၂)အဖြစ်သတ်မှတ်၍ စာပေစိစစ်သည့်စနစ်အား ခွဲခြားဆောင်ရွက်မည်ဖြစ်ရာ အုပ်စုများကို အောက်ပါအတိုင်း သတ်မှတ်လိုက်ပါသည်-

**အုပ်စု(၁)ပါ ဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူများ**

(က) ဂျာနယ်များ
- အနုပညာသုတရသဂျာနယ်
- ကျန်းမာရေးဂျာနယ်
- ကလေးဂျာနယ်
- နည်းပညာဂျာနယ်
- အားကစားဂျာနယ်

(ခ) မဂ္ဂဇင်းများ
- အနုပညာသုတရသမဂ္ဂဇင်း
- ကျန်းမာရေးမဂ္ဂဇင်း
- ကလေးမဂ္ဂဇင်း
- နည်းပညာမဂ္ဂဇင်း
- အားကစားမဂ္ဂဇင်း

(ဂ) အထွေထွေစာပေများ

- အနုပညာ၊ကျန်းမာရေး၊ ကလေးနည်းပညာ၊ အားကစားကဏ္ဍများနှင့် (အကျိုးဝင်သော)အထွေထွေစာမူများ
- ပုံပြင်စာမူများ
- ရုပ်ပြစာမူများ
- ထိပေါက်စဉ်

**အုပ်စု(၂)ပါ ဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူများ**

(က) ဂျာနယ်များ

- သတင်းဂျာနယ်
- ဘာသာရေးဂျာနယ် (ဂမ္ဘီရအပါအဝင်)
- စီးပွားရေးဂျာနယ်
- ပညာရေးဆိုင်ရာဂျာနယ်
- မှုခင်းသတင်းဂျာနယ်

(ခ) မဂ္ဂဇင်းများ

- နိုင်ငံရေးနှင့်သမိုင်းဆိုင်ရာ မဂ္ဂဇင်းများ
- ဘာသာရေးမဂ္ဂဇင်း(ဂမ္ဘီရအပါ အဝင်)
- စီးပွားရေးမဂ္ဂဇင်း
- ပညာရေးဆိုင်ရာမဂ္ဂဇင်း
- မှုခင်းမဂ္ဂဇင်း

(ဂ) အထွေထွေစာပေများ

- ဝတ္ထုစာမူများ
- နိုင်ငံရေးဆိုင်ရာစာပေများ
- ဘာသာရေးစာပေများ(ဂမ္ဘီရ အပါအဝင်)
- စီးပွားရေးဆိုင်ရာစာပေများ
- ပညာရေးဆိုင်ရာစာပေများ

- မှခင်းဆိုင်ရာစာပေများ
- သမိုင်းအတ္ထုပ္ပတ္တိဆိုင်ရာ
  စာပေများ
- ပြကွဒိန်၊ပို့စကတ်၊သဝဏ်လွှာ
- ကဗျာ(လုံးချင်း)
- တေးသီချင်း

(ဃ) သံရုံးစာပေများ။

၂။ မူးတွဲပါ သတ်မှတ်ချက်များအတိုင်း အုပ်စု(၁)နှင့် အုပ်စု(၂)အား သိရှိနားလည်နိုင်ကြစေရန် အကြောင်းကြားပါသည်။

(စိုးဝင်း)
အတွင်းရေးမှူး

ပူးတွဲ(၁)

### အုပ်စု(၁) တွင်ပါဝင်သော ဂျာနယ်များစာရင်း

| စဉ် | ဂျာနယ်အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | အနုပညာသုတရသဂျာနယ် | ၁၈ |
| ၂ | ကျန်းမာရေးဂျာနယ် | ၆ |
| ၃ | ကလေးဂျာနယ် | ၉ |
| ၄ | နည်းပညာဂျာနယ် | ၇ |
| ၅ | အားကစားဂျာနယ် | ၄၂ |
| | စုစုပေါင်း | ၈၂ |

### အုပ်စု(၁) တွင်ပါဝင်သော မဂ္ဂဇင်းအမျိုးအစားစာရင်း

| စဉ် | မဂ္ဂဇင်းအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | အနုပညာသုတရသမဂ္ဂဇင်း | ၅၆ |
| ၂ | ကျန်းမာရေးမဂ္ဂဇင်း | ၁၁ |
| ၃ | ကလေးမဂ္ဂဇင်း | ၁၂ |
| ၄ | နည်းပညာမဂ္ဂဇင်း | ၁၄ |
| ၅ | အားကစားမဂ္ဂဇင်း | ၃ |
| | စုစုပေါင်း | ၉၆ |

### အုပ်စု(၁)တွင် ပါဝင်သော အထွေထွေစာအုပ်စာစောင်များ

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | အထက်ပါသတ်မှတ်ထားသည့် အမျိုးအစား(၅)မျိုးနှင့်အကျုံးဝင်သောအထွေထွေစာအုပ်များ | - |
| ၂ | ပုံပြင် | - |
| ၃ | ရုပ်ပြ | - |
| ၄ | ထီပေါက်စဉ် | - |

ပူးတွဲ(၂)

အုပ်စု(၁)တွင် ပါဝင်သော ဂျာနယ်များစာရင်း

| စဉ် | ဂျာနယ်အမည် | ပါဝင်သော ကဏ္ဍများ |
|---|---|---|
| (က) | အနုပညာသုတရသဂျာနယ် | (၁၈) စောင် |
| ၁ | အချစ်အနုပညာဂျာနယ် | - ပြည်တွင်း၊ ပြည်ပအနုပညာရှင်များ၏ |
| ၂ | First Music News Journal | အနုပညာလှုပ်ရှားမှုသတင်းများ။ |
| ၃ | မန္တလေးအရှဏ်ဦးအနုပညာဂျာနယ် | - အနုပညာရှင်များနှင့်ပတ်သက်သည့်အင်တာ |
| ၄ | TV- Guide Journal | ဗျူးများ၊ ပွဲတက်သတင်းများ။ |
| ၅ | ချင်းတွင်းရွှေပြည်သုတ၊ရသဂျာနယ် | - ပန်းချီ၊ ဓါတ်ပုံ အလှများ။ |
| ၆ | ဒေဝီဂျာနယ် | - သုတ၊ ရသ ဆောင်းပါးများ။ |
| ၇ | မေမြန်မာဂျာနယ် | - အလှအပဆိုင်ရာ ကိစ္စရပ်များ။ |
| ၈ | အလင်္ကာဂီတဂျာနယ် | - ပြည်တွင်းပြည်ပရုပ်ရှင်၊ဗီဒီယိုအညွှန်းများ။ |
| ၉ | Now Journal | - ဟာသ၊ ကာတွန်း၊ ဇာဒင် ကဏ္ဍများ။ |
| ၁၀ | Hello အနုပညာဂျာနယ် | |
| ၁၁ | နံနက်ခင်းသတင်းဂျာနယ် | |
| ၁၂ | အလင်းတန်းအနုပညာဂျာနယ် | |
| ၁၃ | 8 Days a week Journal | |
| ၁၄ | The Modern Times Weekly Journal | |
| ၁၅ | ပေါ်ပြူလာစာပေအနုပညာဂျာနယ် | |
| ၁၆ | Fancy စိတ်ကူးစွမ်းအားဂျာနယ် | |
| ၁၇ | Sky Land Journal | |
| ၁၈ | မန်းတောင်ရိပ်အနုပညာဂျာနယ် | |
| (ခ) | ကျန်းမာရေးဂျာနယ် | (၆)စောင် |
| ၁ | အာယုဒီဃဂျာနယ် | - ကျန်းမာရေးဆိုင်ရာ ပညာပေးရောဂါ |
| ၂ | Health Digest Journal | ကာကွယ်ရေး၊ ရောဂါကုသရေးတို့နှင့် |
| ၃ | Family Health Journal | ပတ်သက်သည့်သတင်း၊ဆောင်းပါးများ။ |
| ၄ | Good Health Journal | - ကလေးသူငယ်၊လူငယ်၊လူကြီး(အမျိုးသား၊ |
| ၅ | Health Care Journal | အမျိုးသမီး)တို့၏ ကျန်းမာရေးဆိုင်ရာ |

ပူးတွဲ(၃)

| စဉ် | ဂျာနယ်အမည် | ပါဝင်သော ကဏ္ဍများ |
| --- | --- | --- |
| ၆ | Living Life Journal | ကိစ္စရပ်များ။ |
| | | - ဆေးကြော်ငြာ၊ ဆေးဝါးမိတ်ဆက်များ။ |
| | | - ဆေးလောကသတင်းများ။ |
| | | - ကျန်းမာရေးဆိုင်ရာ အမေး၊ အဖြေများ။ |
| | | - ဆေးပညာလောက အတွေ့အကြုံများ။ |
| | | - ထင်ပေါ်ကျော်ကြားသူတို့၏ကျန်းမာရေး ဆိုင်ရာလှုပ်ရှားမှုကဏ္ဍ။ |
| (ဂ) | ကလေးဂျာနယ် | (၉)စောင် |
| ၁ | ရွှင်ပြုံးဂျာနယ် | - ကလေးဖတ် ကာတွန်း၊ ရုပ်ပြများ။ |
| ၂ | ပုတက်ကာတွန်းပုံရိပ်သစ်ဂျာနယ် | - အရောင်ခြယ်၊ စာလုံးဆက် ဉာဏ်စမ်း |
| ၃ | နတ်မိမယ်ဂျာနယ် | ပဟေဠိများ။ |
| ၄ | Kid Zone journal | - ပုံဝတ္ထုများ၊ ကလေးကဗျာများ။ |
| ၅ | တတိုင်းမွေးကာတွန်းဂျာနယ် | - ကလေးများနှင့်သက်ဆိုင်သည့်ဆေး/အသုံး |
| ၆ | ဇော်ရုပ်စုံကလေးဂျာနယ် | အဆောင်များ မိတ်ဆက်။ |
| ၇ | ယဉ်ကျေးလိမ္မာမွေ့ရသာဂျာနယ် | - ကလေးသုတ သိမှတ်ဖွယ်ရာများ။ |
| ၈ | Dino journal | - ထူးချွန်ကလေး မိတ်ဆက်များ။ |
| ၉ | ရွှေရိုးဂျာနယ် | |
| (ဃ) | နည်းပညာဂျာနယ် | (၇)စောင် |
| ၁ | Computer User journal | - စက်မှုလက်မှု ပစ္စည်းမိတ်ဆက်များ။ |
| ၂ | IT Weekly journal | - ဆက်သွယ်ရေး ပစ္စည်းမိတ်ဆက်များ။ |
| ၃ | Itzen journal | - အိုင်တီအသုံးအဆောင် ပစ္စည်းများ။ |
| ၄ | Internet journal | - နည်းပညာဆောင်းပါးများ။ |
| ၅ | Net Guide journal | - ခေတ်မီအသုံးအဆောင်ပစ္စည်းမိတ်ဆက်။ |
| ၆ | စစ်ပညာဂျာနယ် | (အီလက်ထရောနစ်ဆိုင်ရာ) |
| ၇ | Mobile Guide journal | |

ပူးတွဲ(၄)

| စဉ် | ဂျာနယ်အမည် | ပါဝင်သော ကဏ္ဍများ |
|---|---|---|
| (င) | အားကစားဂျာနယ် | (၄၂)စောင်<br>- ပြည်တွင်း၊ပြည်ပအားကစားသတင်းများ။ (အထူးသဖြင့် ဘောလုံး)<br>- ပြည်တွင်း၊ပြည်ပအားကစားသမားများ၏ အပြောင်းအရွှေ့၊ကိုယ်ရေးအချက်အလက်၊ ယင်းတို့နှင့်ဆက်စပ်သည့်လူမှုရေးဆိုင်ရာ အကြောင်းအရာများ။<br>- ကလပ်အသင်းပိုင်ရှင်များနှင့်နည်းပြများ အကြောင်း။<br>- အားကစားဆောင်းပါးများ။<br>- အားကစားပွဲစဉ်များအပေါ်သုံးသပ်ထင်မြင် ချက်၊ဆောင်းပါးများ၊ဆွေးနွေးခန်းများ။ |
| ၁ | Best Player Sport Journal | |
| ၂ | High Light of the Week Journal | |
| ၃ | Sport Light Journal | |
| ၄ | 90 :00 Minute Journal | |
| ၅ | 1st Line Up Weekly Sport Journal | |
| ၆ | တက်လမ်းဂျာနယ် | |
| ၇ | အင်အားဂျာနယ် | |
| ၈ | Special Update Four Four Two Journal | |
| ၉ | World Football Journal | |
| ၁၀ | Daily Sports Journal | |
| ၁၁ | အိုလံပစ်ဂျာနယ် | |
| ၁၂ | First Eleven Journal | |
| ၁၃ | Premier Eleven Journal | |
| ၁၄ | The Sports Time Journal | |
| ၁၅ | All Star Journal | |
| ၁၆ | Special One Journal | |
| ၁၇ | Super Sports Journal | |
| ၁၈ | Fighter Sports Journal | |
| ၁၉ | Euro Sports Journal | |
| ၂၀ | Soccer Weekly Journal | |
| ၂၁ | Forever Sports Journal | |
| ၂၂ | The Goal Journal | |
| ၂၃ | 7 Day Sports Journal | |
| ၂၄ | Number One Sports Journal | |

ပူးတွဲ(၅)

| စဉ် | ဂျာနယ်အမည် | ပါဝင်သော ကဏ္ဍများ |
|---|---|---|
| ၂၅ | Play Maker Journal | |
| ၂၆ | Sky Soccer Sports Journal | |
| ၂၇ | 365 Sports Journal | |
| ၂၈ | ကမ္ဘာ့ချန်ပီယံဂျာနယ် | |
| ၂၉ | Football Kicker Journal | |
| ၃၀ | Inside Sports Journal | |
| ၃၁ | Myanmar Special Sports Journal | |
| ၃၂ | ESPN Sports Journal | |
| ၃၃ | D One Sports Journal | |
| ၃၄ | United Sports Journal | |
| ၃၅ | Focus Sports Journal | |
| ၃၆ | National Football Journal | |
| ၃၇ | First Choice Sports Journal | |
| ၃၈ | First 99 Sports Journal | |
| ၃၉ | Channel Sports Journal | |
| ၄၀ | Sport Center Journal | |
| ၄၁ | Sport Empires Journal | |
| ၄၂ | Waka Waka Sports Journal | |

ပူးတွဲ(၆)

## အုပ်စု (၁)တွင် ပါဝင်သော မဂ္ဂဇင်းများစာရင်း

| စဉ် | မဂ္ဂဇင်းအမည် | ပါဝင်သော ကဏ္ဍများ |
|---|---|---|
| (က) | အနုပညာသုတရသမဂ္ဂဇင်း | (၅၆)စောင် |
| ၁ | နှလုံးအိမ်မဂ္ဂဇင်း | - ပြည်တွင်း၊ ပြည်ပအနုပညာရှင်များ၏ |
| ၂ | Fashion Image Magazine | အနုပညာလှုပ်ရှားမှုသတင်းများ |
| ၃ | ဟာသသောကြာစာစောင် | - အနုပညာရှင်များနှင့်ပတ်သက်သည့် |
| ၄ | စက်ရှင်မဂ္ဂဇင်း | အင်တာဗျူးများ၊ ပွဲတက်သတင်းများ |
| ၅ | အပျိုစင်မဂ္ဂဇင်း | - ပန်းချီ၊ ဓါတ်ပုံ အလှများ |
| ၆ | သုတစွယ်စုံမဂ္ဂဇင်း | - သုတ၊ ရသ ဆောင်းပါးများ |
| ၇ | သရဖူမဂ္ဂဇင်း | - အလှအပဆိုင်ရာ ကိစ္စရပ်များ |
| ၈ | အနုပညာမြင်ကွင်းမဂ္ဂဇင်း | - ပြည်တွင်းပြည်ပ ရုပ်ရှင်၊ ဗီဒီယို |
| ၉ | ပန်းအနုပညာမဂ္ဂဇင်း | အညွှန်းများ |
| ၁၀ | မုဒိတာမဂ္ဂဇင်း | - ဟာသ၊ ကာတွန်း၊ ဆောင် ကဗျာများ |
| ၁၁ | Life Style Magazine | |
| ၁၂ | Beauty Magazine | |
| ၁၃ | Faces (မုခ မဂ္ဂဇင်း) | |
| ၁၄ | Teen Magazine (ဖူးငုံမဂ္ဂဇင်း) | |
| ၁၅ | ယဉ်ကျေးမှုမဂ္ဂဇင်း | |
| ၁၆ | ကလျာမဂ္ဂဇင်း | |
| ၁၇ | Myanmar People Magazine | |
| ၁၈ | ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း | |
| ၁၉ | ငွေအမြုတေရုပ်စုံမဂ္ဂဇင်း | |
| ၂၀ | ချယ်ရီမဂ္ဂဇင်း | |
| ၂၁ | International Look Magazine | |
| ၂၂ | မဟေသီရုပ်စုံမဂ္ဂဇင်း | |
| ၂၃ | ပြည်သာယာမဂ္ဂဇင်း | |
| ၂၄ | ငွေတာရီမဂ္ဂဇင်း | |

ပူးတွဲ(၇)

| စဉ် | မဂ္ဂဇင်းအမည် | ပါဝင်သော ကဏ္ဍများ |
|---|---|---|
| ၂၅ | မြဝတီစာစဉ် | |
| ၂၆ | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသတင်းလွှာ | |
| ၂၇ | Idea Magazine | |
| ၂၈ | Beauty Max Magazine | |
| ၂၉ | ရတီစာပေအနုပညာမဂ္ဂဇင်း | |
| ၃၀ | Perfect Magazine | |
| ၃၁ | ရွှေမငြိမ်းမဂ္ဂဇင်း | |
| ၃၂ | ပီတောက်နွယ်မဂ္ဂဇင်း | |
| ၃၃ | ရယ်စရာရသစုံမဂ္ဂဇင်း | |
| ၃၄ | Instyle Magazine | |
| ၃၅ | အလင်္ကာဝတ်ရည်မဂ္ဂဇင်း | |
| ၃၆ | ပေဖူးလွှာရသစုံမဂ္ဂဇင်း | |
| ၃၇ | ပန်းအလင်္ကာစာပေမဂ္ဂဇင်း | |
| ၃၈ | The Bloom Fashion Magazine | |
| ၃၉ | ဘောလီဝုဒ်(အိန္ဒိယရုပ်ရှင်) | |
| ၄၀ | Mandalay Icon Magazine | |
| ၄၁ | အောင်တံခွန်ဝံသရက္ခိတ | |
| ၄၂ | Hello Madam Fashion Magazine | |
| ၄၃ | The Street Magazine | |
| ၄၄ | Pop Magazine | |
| ၄၅ | FM Fashion and Music Magazine | |
| ၄၆ | April Star Magazine | |
| ၄၇ | Professional Magazine | |
| ၄၈ | အလင်းသစ်မဂ္ဂဇင်း | |
| ၄၉ | Okay Fashion & Cosmetic Advertising Outlet Magazine | |

ပူးတွဲ(စ)

| စဉ် | မဂ္ဂဇင်းအမည် | ပါဝင်သော ကဏ္ဍများ |
| --- | --- | --- |
| ၅၀ | Hello Madam Gems & Jewellery Fashion Catalogue Magazine | |
| ၅၁ | ဆယ်ကျော်သက်မဂ္ဂဇင်း | |
| ၅၂ | The Chic Magazine | |
| ၅၃ | The Dream Magazine | |
| ၅၄ | Enjoy Life Magazine | |
| ၅၅ | T-Club Magazine | |
| ၅၆ | Lady First Latest Fashion Catalogue Magazine | |

| .(ခ) | ကျန်းမာရေးမဂ္ဂဇင်း | (၁၁)စောင် |
| --- | --- | --- |
| ၁ | ဧရာမဂ္ဂဇင်း | - ကျန်းမာရေးဆိုင်ရာပညာပေးရောဂါကာကွယ်ရေး၊ ရောဂါကုသရေးတို့နှင့်ပတ်သက်သည့် သတင်း၊ဆောင်းပါးများ။ |
| ၂ | ဇီဝကမဂ္ဂဇင်း | |
| ၃ | အာရောဂျမဂ္ဂဇင်း | |
| ၄ | Family Magazine | - ကလေးသူငယ်၊ လူငယ်၊လူကြီး(အမျိုးသား၊ အမျိုးသမီး)တို့၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ။ |
| ၅ | Myanmar Journal of Current Medical Practice | |
| ၆ | အနာမယ (Wellness Magazine) | - ဆေးကြော်ငြာ၊ ဆေးဝါးမိတ်ဆက်များ။ |
| ၇ | ကြက်ခြေနီအသင်းသတင်းဂျာနယ် | - ဆေးလောကသတင်းများ။ |
| ၈ | တိုင်းရင်းဆေးပညာမဂ္ဂဇင်း | - ကျန်းမာရေးဆိုင်ရာ အမေး၊ အဖြေများ။ |
| ၉ | Health For All Magazine | - ဆေးပညာလောက အတွေ့အကြုံများ။ |
| ၁၀ | The Living Vine နွယ်မြက်ရှင်ကျန်းမာရေးမဂ္ဂဇင်း | - ထင်ပေါ်ကျော်ကြားသူတို့၏ကျန်းမာရေး ဆိုင်ရာလှုပ်ရှားမှုကဏ္ဍ။ |
| ၁၁ | Eternal Light Magazine | |

ပူးတွဲ(၉)

| စဉ် | မဂ္ဂဇင်းအမည် | ပါဝင်သော ကဏ္ဍများ |
|---|---|---|
| (ဂ) | ကလေးမဂ္ဂဇင်း | (၁၂)စောင် |
| ၁ | ကလေးသုတစာစောင် | - ကလေးဖတ် ကာတွန်း၊ ရုပ်ပြများ။ |
| ၂ | ပလုတ်တုတ်ကလေးဂျာနယ် | - အရောင်ခြယ်၊ စာလုံးဆက်ဉာဏ်စမ်း |
| ၃ | ရတနာ့ပန်းခင်းမဂ္ဂဇင်း | ပဟေဠိများ။ |
| ၄ | Happy Time Magazine | - ပုံဝတ္ထုများ၊ ကလေးကဗျာများ။ |
| ၅ | ပုံပြင်ကမ္ဘာကလေးရုပ်စုံစာစောင် | - ကလေးများနှင့်သက်ဆိုင်သည့်ဆေး/အသုံး |
| ၆ | မိုးသောက်ပန်းစာစောင် | အဆောင်များ မိတ်ဆက်။ |
| ၇ | တေဇရုပ်စုံစာစောင် | - ကလေးသုတ သိမှတ်ဖွယ်ရာများ။ |
| ၈ | ကလေးပုံရိပ်စာစောင် | - ထူးချွန်ကလေး မိတ်ဆက်များ။ |
| ၉ | Youth (လူငယ်မဂ္ဂဇင်း) | |
| ၁၀ | Junior Baby & Child Care Magazine | |
| ၁၁ | ရင်သွေးကလေးဂျာနယ် | |
| ၁၂ | ရေဟုလာကလေးရုပ်စုံမဂ္ဂဇင်း | |
| (ဃ) | နည်းပညာမဂ္ဂဇင်း | (၁၄)စောင် |
| ၁ | ကွန်ပျူတာဂျာနယ် | - စက်မှုလက်မှုပစ္စည်းမိတ်ဆက်များ။ |
| ၂ | ပီစီဝါးလ်(ဒ်) မြန်မာမဂ္ဂဇင်း | - ဆက်သွယ်ရေးပစ္စည်းမိတ်ဆက်များ။ |
| ၃ | နည်းပညာအထောက်အကူပြုအီလက်စာစဉ် | - အိုင်တီအသုံးအဆောင်ပစ္စည်းများ။<br>- နည်းပညာဆောင်းပါးများ။ |
| ၄ | Safe Win in Flight Magazine | - ခေတ်မီအသုံးအဆောင်ပစ္စည်းမိတ်ဆက်။ |
| ၅ | အောင်ပင်လယ်မဂ္ဂဇင်း | (အီလက်ထရောနစ်ဆိုင်ရာ) |
| ၆ | စပါးဆန်သတင်းနှင့်နည်းပညာစာစောင် | |
| ၇ | First Mobile Tech ခေတ်မီနည်းပညာမဂ္ဂဇင်း | |
| ၈ | Personal Computer Magazine | |

ပူးတွဲ(၁၀)

| စဉ် | မဂ္ဂဇင်းအမည် | ပါဝင်သော ကဏ္ဍများ |
|---|---|---|
| ၉ | ရိတ်သိမ်းချိန်လွန်နည်းပညာ စာစောင် | |
| ၁၀ | Tech Digest Magazine | |
| ၁၁ | Journal of the Mayanmar Geosciences Society Magazine | |
| ၁၂ | Auto Mobile Pc Guide Magazine | |
| ၁၃ | Knowledge Bridge Magazine | |
| ၁၄ | ဓတ္တိုယအသုံးချသိပ္ပံနှင့်နည်းပညာ ဂျာနယ် | |
| (င) | **အားကစားမဂ္ဂဇင်း** | (၃)စောင်<br>- ပြည်တွင်း၊ပြည်ပအားကစားသတင်းများ။ (အထူးသဖြင့် Golf )<br>- ပြည်တွင်း၊ပြည်ပအားကစားသမားများ၏ အပြောင်းအရွှေ့၊ကိုယ်ရေးအချက်အလက်၊ ယင်းတို့နှင့်ဆက်စပ်သည့်လူမှုရေးဆိုင်ရာ အကြောင်းအရာများ။<br>- ကလပ်အသင်းပိုင်ရှင်များနှင့်နည်းပြများ အကြောင်း။<br>- အားကစားဆောင်းပါးများ။<br>- အားကစားပွဲစဉ်များအပေါ် သုံးသပ်ထင်မြင်ချက်၊ဆောင်းပါးများ၊ဆွေးနွေးခန်းများ။ |
| ၁ | Bravo Magazine | |
| ၂ | Standard Golf Magazine | |
| ၃ | Golf Master Magazine | |

ပူးတွဲ(၁၁)

## အုပ်စု(၂)တွင် ပါဝင်သော ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာစောင်များစာရင်း

### အုပ်စု(၂)တွင် ပါဝင်သော ဂျာနယ်များစာရင်း

| စဉ် | ဂျာနယ်အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | သတင်းဂျာနယ် | ၅၈ |
| ၂ | ဘာသာရေးဂျာနယ် (ဂမ္ဘီရအပါအဝင်) | ၆ |
| ၃ | စီးပွားရေးဂျာနယ် | ၂၃ |
| ၄ | ပညာရေးဆိုင်ရာဂျာနယ် | ၂ |
| ၅ | မှုခင်းသတင်းဂျာနယ် | ၅ |
| | စုစုပေါင်း | ၉၄ |

### အုပ်စု(၂)တွင် ပါဝင်သော မဂ္ဂဇင်းများစာရင်း

| စဉ် | မဂ္ဂဇင်းအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | နိုင်ငံရေးနှင့်သမိုင်းဆိုင်ရာမဂ္ဂဇင်း | ၂၁ |
| ၂ | ဘာသာရေးမဂ္ဂဇင်း (ဂမ္ဘီရအပါအဝင်) | ၂၉ |
| ၃ | စီးပွားရေးမဂ္ဂဇင်း | ၁၇ |
| ၄ | ပညာရေးဆိုင်ရာမဂ္ဂဇင်း | ၁၀ |
| ၅ | မှုခင်းမဂ္ဂဇင်း | ၉ |
| | စုစုပေါင်း | ၈၆ |

ပူးတွဲ(၁၂)

## အုပ်စု(၂)တွင် ပါဝင်သောအထွေထွေနှင့်ကိုယ်ရေးကိုယ်ထုတ် စာအုပ်စာစောင်များစာရင်း

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | ဝတ္ထုစာမူများ | |
| ၂ | နိုင်ငံရေးဆိုင်ရာစာပေများ | |
| ၃ | ဘာသာရေးစာပေများ (ဂန္ထဝင်အပါအဝင်) | |
| ၄ | စီးပွားရေးဆိုင်ရာစာပေများ | |
| ၅ | ပညာရေးဆိုင်ရာစာပေများ | |
| ၆ | မှခင်းဆိုင်ရာစာပေများ | |
| ၇ | သမိုင်းနှင့်အထွေထွေဆိုင်ရာစာပေများ | |
| ၈ | ပြက္ခဒိန်၊ပို့စကတ်၊သဝဏ်လွှာ | |
| ၉ | ကဗျာ(လုံးချင်း) | |
| ၁၀ | တေးသီချင်း | |
| ၁၁ | သံရုံးစာပေများ | |

## အုပ်စု(၂)တွင် ပါဝင်သောဂျာနယ်များစာရင်း

| စဉ် | ဂျာနယ်အမည် | မှတ်ချက် |
|---|---|---|
| (က) | သတင်းဂျာနယ်များ | (၅၈)စောင် |
| ၁ | မြန်မာတိုင်းမ်(အင်္ဂလိပ်) | |
| ၂ | ရွှေမန္တလေးသတင်းဂျာနယ် | |
| ၃ | သစ္စာဂျာနယ် (True News) | |
| ၄ | News Watch Journal | |
| ၅ | မော်ဒန်ဂျာနယ် | |
| ၆ | မန္တလေးတိုင်း(မ်)သတင်းဂျာနယ် | |
| ၇ | National Time Journal | |
| ၈ | Open News Weekly Journal | |
| ၉ | Envoy News Journal | |

ပူးတွဲ(၁၃)

| စဉ် | ဂျာနယ်အမည် | မှတ်ချက် |
|---|---|---|
| ၁၀ | The Live News Journal | |
| ၁၁ | ကုမုဒြာဂျာနယ် | |
| ၁၂ | Favourite Journal | |
| ၁၃ | ပါဝါဂျာနယ် | |
| ၁၄ | မြန်မာပို့စ်ဂျာနယ် | |
| ၁၅ | ရန်ကုန်တိုင်း(မ်)ဂျာနယ် | |
| ၁၆ | 24/7 Journal | |
| ၁၇ | Bi Weekly Eleven Journal | |
| ၁၈ | နိုင်ငံတကာရေးရာဂျာနယ် | |
| ၁၉ | The Voice Weekly Journal | |
| ၂၀ | ပန်းသတင်းဂျာနယ် | |
| ၂၁ | Weekly Eleven News Journal | |
| ၂၂ | Northern Star Journal | |
| ၂၃ | လျှပ်တစ်ပြက်သတင်းဂျာနယ် | |
| ၂၄ | မြန်မာတိုင်း(မ်)ဂျာနယ်(မြန်မာ) | |
| ၂၅ | မြန်မာနယူးစ်ဝိခ်ဂျာနယ် | |
| ၂၆ | Real Time Journal | |
| ၂၇ | မော်နီတာသတင်းဂျာနယ် | |
| ၂၈ | ရောင်ခြည်မိုးသတင်းဂျာနယ် | |
| ၂၉ | ပေါ်ပြူလာနယူး(စ်)ဂျာနယ် | |
| ၃၀ | Venus News Journal | |
| ၃၁ | Upper Myanmar Journal | |
| ၃၂ | Reporter Journal | |
| ၃၃ | 7 Day News Journal | |
| ၃၄ | ပြည်မြန်မာဂျာနယ် | |
| ၃၅ | နန်းမြင့်သတင်းဂျာနယ် | |
| ၃၆ | တော်ဝင်ပန်းဂျာနယ် | |

ပူးတွဲ(

| စဉ် | ဂျာနယ်အမည် | မှတ်ချက် |
|---|---|---|
| ၃၇ | The Messenger Journal | |
| ၃၈ | Hot News Weekly Journal | |
| ၃၉ | ဒို့ကျေးရွာဂျာနယ် | |
| ၄၀ | အတွေးသစ်ဂျာနယ် | |
| ၄၁ | ပွိုင့်ဂျာနယ် | |
| ၄၂ | Revenue Journal | |
| ၄၃ | ရွှေမြန်မာဂျာနယ် | |
| ၄၄ | နေပြည်တော်ပွိုင့်ဂျာနယ် | |
| ၄၅ | ကနောင်ဂျာနယ် | |
| ၄၆ | ရွှေစက်မှုဂျာနယ် | |
| ၄၇ | ရွှေနိုင်ငံဂျာနယ် | |
| ၄၈ | စိမ်းလဲ့ရွှေပြည်ဂျာနယ် | |
| ၄၉ | နယ်သာကီဂျာနယ် | |
| ၅၀ | ပြည်သူ့ခေတ်ဂျာနယ် | |
| ၅၁ | Myanmar Voice Journal | |
| ၅၂ | ယုံကြည်မှုဂျာနယ် | |
| ၅၃ | Myanmar Post Global Journal | |
| ၅၄ | သတင်းနှင့်စာနယ်ဇင်းမှထုတ်ဝေသည့်စာစောင်များ | |
| ၅၅ | မန္တလေးအလင်းသတင်းဂျာနယ် | |
| ၅၆ | မြို့တော်သတင်းစာ | |
| ၅၇ | မန္တလေးနေ့စဉ်သတင်းစာ | |
| ၅၈ | မြဝတီသတင်းစာ | |

ပူးတွဲ(၁၅)

| စဉ် | ဂျာနယ်အမည် | မှတ်ချက် |
|---|---|---|
| (ခ) | ဘာသာရေးဂျာနယ်များ (ဂမ္ဘီရအပါအဝင်) | (၆)စောင် |
| ၁ | သာသနာ့အလင်းဂျာနယ် | |
| ၂ | ဓမ္မဝိရဂျာနယ် | |
| ၃ | ဓနသိဒ္ဓိဂျာနယ် | |
| ၄ | ဘုန်းရောင်ဂမ္ဘီရသုတဂျာနယ် | |
| ၅ | မနောမယဂမ္ဘီရဂျာနယ် | |
| ၆ | နေလဂမ္ဘီရဂျာနယ် | |
| | | |
| (ဂ) | **စီးပွားရေးဂျာနယ်များ** | (၂၃)စောင် |
| ၁ | ရွှေအာမဏီဂျာနယ် | |
| ၂ | အနာဂတ်လမ်းညွှန်ဂျာနယ် | |
| ၃ | ဈေးကွက်ဂျာနယ် | |
| ၄ | Ecovision Weekly Journal | |
| ၅ | ကမ္ဘာ့စီးပွားရေးဂျာနယ် | |
| ၆ | ငွေပင်လယ်ဂျာနယ် | |
| ၇ | 7 Day Shopping Guide Journal | |
| ၈ | မြန်မာ့သမာဓိဂျာနယ် | |
| ၉ | The Business Today Jouranl | |
| ၁၀ | အခွင့်အလမ်းဂျာနယ် | |
| ၁၁ | Eco Echo Journal | |
| ၁၂ | အကျိုးဆောင်ဂျာနယ် | |
| ၁၃ | HR Journal | |
| ၁၄ | စီးပွားရေးဓနဂျာနယ် | |
| ၁၅ | Account Care Jouranl | |
| ၁၆ | ရွှေပြည်တန်ဂျာနယ် | |
| ၁၇ | ရွှေမြင့်သာဂျာနယ် | |

| စဉ် | ဂျာနယ်အမည် | မှတ်ချက် |
|---|---|---|
| ၁၈ | မြန်မာ့ဩဘာဂျာနယ် | |
| ၁၉ | ကုမ္ပဏီလမ်းညွှန်ဂျာနယ် | |
| ၂၀ | လယ်ယာစီးပွားရေးဂျာနယ် | |
| ၂၁ | Yangon Business Time Journal | |
| ၂၂ | OK OK Journal | |
| ၂၃ | Commerce Journal | |
| (ဃ) | ပညာရေးဆိုင်ရာဂျာနယ်များ | (၂)စောင် |
| ၁ | Educator Journal | |
| ၂ | ငြိမ်းပညာရေးလမ်းညွှန်ဂျာနယ် | |
| (င) | မှုခင်းသတင်းဂျာနယ်များ | (၅)စောင် |
| ၁ | မှုခင်းသတင်းဂျာနယ် | |
| ၂ | The Crime Journal | |
| ၃ | ရှုထောင့်မှုခင်းသတင်းဂျာနယ် | |
| ၄ | တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ် | |
| ၅ | မြင်ကွင်းမှုခင်းနှင့်သတင်းဂျာနယ် | |

အုပ်စု(၂)တွင် ပါဝင်သော မဂ္ဂဇင်းများ

| စဉ် | မဂ္ဂဇင်းအမည် | မှတ်ချက် |
|---|---|---|
| (က) | နိုင်ငံရေးနှင့်သမိုင်းဆိုင်ရာ မဂ္ဂဇင်း | (၂၁)စောင် |
| ၁ | မြန်မာ့ခနီးပွားရေးမဂ္ဂဇင်း | |
| ၂ | တော်ိုင်သစ်မဂ္ဂဇင်း | |
| ၃ | ရှက်နဝေမဂ္ဂဇင်း | |
| ၄ | ကြီးပွားရေးလမ်းညွှန်မဂ္ဂဇင်း | |
| ၅ | စံပယ်ဖြူမဂ္ဂဇင်း | |

ပူးတွဲ(၁၇)

| စဉ် | မဂ္ဂဇင်းအမည် | မှတ်ချက် |
|---|---|---|
| ၆ | ရန်ကုန်သစ်မဂ္ဂဇင်း | |
| ၇ | နွယ်နီမဂ္ဂဇင်း | |
| ၈ | အနော်မာရသစုံမဂ္ဂဇင်း | |
| ၉ | လှိုင်းသစ်မဂ္ဂဇင်း | |
| ၁၀ | မြန်မာသစ်ရသစုံမဂ္ဂဇင်း | |
| ၁၁ | မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း | |
| ၁၂ | နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း | |
| ၁၃ | မြဝတီမဂ္ဂဇင်း | |
| ၁၄ | တရားရေးမဂ္ဂဇင်း | |
| ၁၅ | မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မဂ္ဂဇင်း | |
| ၁၆ | သတင်းလွှာ | |
| ၁၇ | ပိတောက်ပွင့်သစ်မဂ္ဂဇင်း | |
| ၁၈ | ချင်းတွင်းစာပေအနုပညာမဂ္ဂဇင်း | |
| ၁၉ | မျက်မှောက်ရေးရာမဂ္ဂဇင်း | |
| ၂၀ | The Waves Magazine | |
| ၂၁ | အတွေးအမြင်စာစဉ် | |
| ၂၂ | သရုပ်ပြရသစာပေမဂ္ဂဇင်း | |
| .(ခ) | ဘာသာရေးမဂ္ဂဇင်း (ဂျာနယ်အပါအဝင်) | (၂၉)စောင် |
| ၁ | ပါရမီမဂ္ဂဇင်း | |
| ၂ | ဓံရိပ်ငြိမ်ရသစုံမဂ္ဂဇင်း | |
| ၃ | ဓမ္မဒူတမဂ္ဂဇင်း | |
| ၄ | ဓမ္မရိပ်မဂ္ဂဇင်း | |
| ၅ | ရတနာ့ဘုမ္မိမဂ္ဂဇင်း | |
| ၆ | ရတနာ့ဘတ်ခွန်မဂ္ဂဇင်း | |

ပူးတွဲ(၁၈)

| စဉ် | မဂ္ဂဇင်းအမည် | မှတ်ချက် |
|---|---|---|
| ၇ | မေတ္တာရှင်ဘာသာယဉ်ကျေးမှုမဂ္ဂဇင်း | |
| ၈ | အနန္တဂုဏ်ရည်ဘာသာရေးမဂ္ဂဇင်း | |
| ၉ | ကိုးနဝင်းဂမ္ဘီရရသစုံမဂ္ဂဇင်း | |
| ၁၀ | နဘာယံမဂ္ဂဇင်း | |
| ၁၁ | မဟာစည်သတင်းလွှာ | |
| ၁၂ | ခရီးဖော်မွေ့ရသစုံမဂ္ဂဇင်း | |
| ၁၃ | ဝိမုတ္တိမဂ္ဂဇင်း | |
| ၁၄ | အယ်မီစာန်းအစ္စလာမ် | |
| ၁၅ | နက္ခတ္တရောင်ခြည်မဂ္ဂဇင်း | |
| ၁၆ | လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း | |
| ၁၇ | ဂမ္ဘီရ၊ သုတ၊ရသ မဂ္ဂဇင်း | |
| ၁၈ | ရောင်ပြန်မဂ္ဂဇင်း | |
| ၁၉ | လပြည့်ဝန်းမဂ္ဂဇင်း | |
| ၂၀ | မနုဓာရီမဂ္ဂဇင်း | |
| ၂၁ | အဋ္ဌာရသမဂ္ဂဇင်း | |
| ၂၂ | ဂန္ဓာရီမဂ္ဂဇင်း | |
| ၂၃ | သိဒ္ဓိမိုးမဂ္ဂဇင်း | |
| ၂၄ | သန္တရသဓမ္မစာစောင်/ဂမ္ဘီရလောက မဂ္ဂဇင်း | |
| ၂၅ | ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း | |
| ၂၆ | အောင်မြေမဂ္ဂဇင်း | |
| ၂၇ | သုရဿမဂ္ဂဇင်း | |
| ၂၈ | မဟိဒ္ဓိမဂ္ဂဇင်း | |
| ၂၉ | မြင်ကွင်းစုံမဂ္ဂဇင်း | |

ပူးတွဲ(၁၉)

| စဉ် | မဂ္ဂဇင်းအမည် | မှတ်ချက် |
| --- | --- | --- |
| (ဂ) | စီးပွားရေးမဂ္ဂဇင်း | (၁၇)စောင် |
| ၁ | Living Color Magazine | |
| ၂ | ပို့ဆောင်ရေးမဂ္ဂဇင်း | |
| ၃ | Trade Scope | |
| ၄ | Lotus Inflight Magazine | |
| ၅ | Air Mandalay Golden Magazine | |
| ၆ | မြန်မာစက်မှုဒိုင်ဂျက်(စ်)မဂ္ဂဇင်း | |
| ၇ | သစ်တောရေးရာစာစောင် | |
| ၈ | UMFCCI Business Magazine | |
| ၉ | ကုန်သွယ်မှုသတင်းလွှာ | |
| ၁၀ | CEO Magazine | |
| ၁၁ | Myanmar Timber Digest Magazine | |
| ၁၂ | ကုန်စည်သစ်လမ်းညွှန် (Latest Guide) | |
| ၁၃ | မင်္ဂလာပါ | |
| ၁၄ | ရန်ကုန်ခရီးသွားဂျာနယ် | |
| ၁၅ | Myanmar Labour Digest Magazine | |
| ၁၆ | Future Myanmar Business Report Magazine | |
| ၁၇ | Our Way | |
| (ဃ) | ပညာရေးဆိုင်ရာမဂ္ဂဇင်း | (၁၀)စောင် |
| ၁ | ပညာတန်ဆောင် | |
| ၂ | The Best English | |
| ၃ | English For All | |
| ၄ | The Light of English | |
| ၅ | Today | |

ပူးတွဲ(၂၀)

| စဉ် | ဂျာနယ်အမည် | မှတ်ချက် |
|---|---|---|
| ၆ | Top English | |
| ၇ | ပန်းတိုင်ပညာရေးမဂ္ဂဇင်း | |
| ၈ | Global English Magazine | |
| ၉ | စကောလာစီမံခန့်ခွဲရေးနှင့်ဖွံ့ဖြိုးရေး ဂျာနယ် | |
| ၁၀ | Scholarship Education Magazine | |
| (င) | မှုခင်းမဂ္ဂဇင်း | (၉)စောင် |
| ၁ | တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း | |
| ၂ | ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း | |
| ၃ | ဖြစ်မှုမဂ္ဂဇင်း | |
| ၄ | မြင်ကွင်းစုံမှုခင်းမဂ္ဂဇင်း | |
| ၅ | ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်း | |
| ၆ | မှုခင်းအမြင်မဂ္ဂဇင်း | |
| ၇ | ရှုထောင့်မှုခင်းမဂ္ဂဇင်း | |
| ၈ | သည်းထိတ်ရင်ဖိုမဂ္ဂဇင်း | |
| ၉ | နရသိန်ရသမြောက်လျှို့ဝှက်သည်း ဖိုမဂ္ဂဇင်း | |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
# ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

## ညွှန်ကြားချက်(၄၃)

၁။ စာပေစိစစ်ရေးဆိုင်ရာမူဝါဒများအား ခေတ်နှင့်အညီ အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှုဗဟိုအဖွဲ့၏အမှာစာ အမှတ်(၂၃)အရ အုပ်စု(၁)ပါ ဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာမူထုတ်ဝေသူများနှင့်ပုံနှိပ်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အုပ်စု(၁)ပါ ဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာမူထုတ်ဝေသူများသည် ဤညွှန်ကြားချက်ထုတ်ပြန်သည့်နေ့မှစတင်၍ မိမိတို့ထုတ်ဝေလိုသောစာမူများကို စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ ကြိုတင်စိစစ်ခွင့်ပြုချက်ရယူခြင်း၊ ဖြန့်ချိခွင့်အမိန့်ရယူခြင်းပြုရန် မလိုတော့ဘဲသတ်မှတ်ပေးထားသည့် စာပေစိစစ်ရေးမူများနှင့် အညီကိုယ်တိုင်စိစစ်ခြင်း၊ ပုံနှိပ်ခြင်းပြုလုပ်၍ စာအုပ်စာစောင်(အချော)များကို ထုတ်ဝေခွင့်ပြုသည်။

၃။ သို့ပါ၍အုပ်စု(၁)ပါဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူထုတ်ဝေသူများအား ညွှန်ကြားချက်နှင့် အညီကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် ပုံနှိပ်သူများ၊ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၁၃)၊ (၁၅)၊ (၁၈)(၂၁)၊ (၂၂)၊ (၂၃)(၃၅)(၃၇)နှင့်အမှာစာ အမှတ်(၁၀)၊ (၁၃)(၁၆)တို့မှ ခြွင်းချက်ပေး၍ ကင်းလွတ်ခွင့်ပြုလိုက်သည်။

(စိုးဝင်း)
အတွင်းရေးမှူး

ထုတ်ဝေသူများအားလုံး(အုပ်စု-၁)
ပုံနှိပ်သူများအားလုံး(ဂျာနယ်၊မဂ္ဂဇင်းနှင့်အထွေထွေစာမူရိုက်နှိပ်သည့်စက်များ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်သူများ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့**

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက် )

ညွှန်ကြားချက်(၄၄)

၁။ စာပေစိစစ်ရေးဆိုင်ရာမူဝါဒများအား ခေတ်နှင့်အညီ အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့၏ အမှာစာအမှတ်(၂၃)အရအုပ်စု(၂)ပါ ဂျာနယ်၊မဂ္ဂဇင်းနှင့် အထွေထွေ စာမူထုတ်ဝေသူများနှင့်ပုံနှိပ်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အဆိုပါ ဂျာနယ်၊မဂ္ဂဇင်းနှင့်အထွေထွေစာမူထုတ်ဝေသူများသည် စာမူများ ထုတ်ဝေရာတွင် လက်ရှိကျင့်သုံးနေသည့်စနစ်အတိုင်း ပုံနှိပ်သူများ၊ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့၏ ညွှန်ကြားချက်အမှတ် (၁)၊(၅)၊(၂၂)၊(၃၅)၊(၃၇)တို့နှင့်အညီ စာမူများကို စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ ကြိုတင်စိစစ်မှုခံယူရန် တင်ပြခြင်း၊ ခွင့်ပြုသည့် စာမူများအားပုံနှိပ်ခြင်း၊ ပုံနှိပ်ပြီးစာအုပ်၊ စာစောင်(အချော)များကို ဖြန့်ချိခွင့်ပြုရန်ပြန်လည်တင်ပြခြင်း၊ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန၏ ဖြန့်ချိခွင့်အမိန့်ရပြီးမှ ဖြန့်ချိရောင်းချခြင်းများကို လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားသည်။

၃။ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ စာအုပ်၊ စာစောင်များကို ပုံနှိပ်ထုတ်ဝေဖြန့်ချိပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ(၂၀)အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ညွှန်ကြားသည်။

(စိုးဝင်း)
အတွင်းရေးမှူး

**ထုတ်ဝေသူများအားလုံး(အုပ်စု-၂)**
**ပုံနှိပ်သူများအားလုံး(ဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူရိုက်နှိပ်သည့်စက်များ)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့်စာပေစိစစ်ပြန့်ချိရေးလုပ်ငန်းများ**
**ကြီးကြပ်မှုဗဟိုအဖွဲ့**

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

## ညွှန်ကြားချက်(၄၅)

၁။ စာပေစိစစ်ရေးဆိုင်ရာမူဝါဒများအားခေတ်နှင့်အညီအဆင့်ဆင့် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန် အတွက် အုပ်စု(၁)ပါဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူ ထုတ်ဝေသူများသည် ထုတ်ဝေလိုသော စာမူများကို စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ကြိုတင် စိစစ်ခွင့်ပြုချက်ရယူခြင်း၊ ပြန့်ချိခွင့်အမိန့်ရယူခြင်းပြုရန်မလိုတော့ဘဲ စာပေစိစစ်ရေးမူများနှင့်အညီ ကိုယ်တိုင်စိစစ်ခြင်း၊ ပုံနှိပ်ခြင်းပြုလုပ်၍ စာအုပ်၊စာစောင်(အချော)များကို ပြန့်ချိနိုင်ကြောင်းညွှန်ကြားချက် အမှတ်(၄၃) အရ ခွင့်ပြုခဲ့ပါသည်။

၂။ ထို့အတူ အုပ်စု(၂)ပါဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာမူ ထုတ်ဝေသူများသည် လက်ရှိကျင့်သုံးနေသည့်စနစ်အတိုင်း ထုတ်ဝေလိုသည့်စာမူများကို စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ ကြိုတင်စိစစ်မှုခံယူရန်တင်ပြခြင်း၊ ခွင့်ပြုသည့် စာမူများအား ပုံနှိပ်ခြင်း၊ ပုံနှိပ်ပြီးစာအုပ်၊ စာစောင်(အချော)များကို ဖြန့်ချိခွင့်ပြုရန် ပြန်လည်တင်ပြခြင်း၊ ဖြန့်ချိခွင့်အမိန့်ရရှိမှ ဖြန့်ချိ ရောင်းချခြင်းပြုကြရန် ညွှန်ကြားချက်အမှတ်(၄၄)အရ ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ရာပြုပြင်ပြောင်းလဲမည့် စာပေစိစစ်ရေးဆိုင်ရာမူများနှင့်ကိုက်ညီခြင်းမရှိသော အောက်ပါ ညွှန်ကြားချက်နှင့် အမှာစာများအား ဤညွှန်ကြားချက်ထုတ်ပြန်သည့်နေ့ရက်မှစ၍ ဖျက်သိမ်းလိုက်သည်-

(က) ညွှန်ကြားချက်များ - ညွှန်ကြားချက်အမှတ်(၂)၊ (၁၁)၊ (၁၄)၊ (၁၉)၊ (၂၆) ၊(၂၉)၊ (၃၉)။

(ခ) အမှာစာများ - အမှာစာအမှတ် (၁၂)၊ (၁၅)။

၄။ ထုတ်ဝေသူများနှင့်ပုံနှိပ်သူများသည်ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က ထုတ်ပြန်ထားသည့်တည်ဆဲဖြစ်သော ကျန်ညွှန်ကြားချက်များနှင့် အမှာစာများအား လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားသည်။

(စိုးဝင်း)
အတွင်းရေးမှူး

**ပုံနှိပ်သူများနှင့်ထုတ်ဝေသူများအားလုံး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
# ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုစာတိုက်အဖွဲ့

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

## ညွှန်ကြားချက်(၄၆)

၁။ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသည် စာပေစိစစ်ရေးဆိုင်ရာမူဝါဒများကို ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ လိုက်နာကျင့်သုံးရမည့် စာပေစိစစ်ရေးမူများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) နိုင်ငံတော်အရေးသုံးပါးကို ဆန့်ကျင်ထိပါး ရေးသားခြင်း မပြုရ။

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ရေးသားခြင်း မပြုရ။

(ဂ) မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေအရ တားမြစ်ထားသည့်လျှို့ဝှက်ချက်များကို ဖော်ထုတ်ရေးသားခြင်း မပြုရ။

(ဃ) မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့်ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည် မှန်သော်လည်း တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့်တစ်မျိုး(သို့မဟုတ်) တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာအောင် ရေးသားဖော်ပြခြင်း မပြုရ။

(င) တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို ပျက်ပြားစေရန်၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားပေါ်ပေါက်စေရန် လှုံ့ဆော်ရေးသားခြင်း မပြုရ။

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖွဲ့စည်းထားသော လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သစ္စာစောင့်သိခြင်း၊ တာဝန်ဝတ္တရား ထမ်းဆောင်ခြင်းတို့မှ ပျက်ပြားစေရန် သွေးဆောင်ဖြားယောင်းရေးသားခြင်း မပြုရ။

(ဆ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းများနှင့် ယင်းတို့၏ အမျိုးသား စရိုက်လက္ခဏာများကို ထိပါးရေးသားခြင်း မပြုရ။

(ဇ) ဘာသာရေးအရအငြင်းအခုံဖြစ်စေမည့် အယူအဆများနှင့်အယူသီးမှုများကို ထောက်ခံအားပေးရေးသားခြင်း မပြုရ။

(ဈ) ညစ်ညမ်းသောစာများ၊ ရုပ်ပုံ၊ ဓာတ်ပုံနှင့်ပန်းချီများအား ရေးသားဖော်ပြခြင်း မပြုရ။

(ည) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လောင်းကစားမှုနှင့်မူးယစ်ဆေးဝါးဆိုင်ရာကိစ္စများကို အားပေးလှုံ့ဆော်ရေးသားခြင်း မပြုရ။

(ဋ) ပြည်သူတစ်ဦးချင်း၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့်ဂုဏ်သိက္ခာကို ထိခိုက်ရေးသားဖော်ပြခြင်း မပြုရ။

(ဌ) မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ပြဋ္ဌာန်းထားသော စာနယ်ဇင်းကျင့်ဝတ်နှင့်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

၂။ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများသည် မိမိတို့၏ စာအုပ်၊ စာစောင်များအား ပုံနှိပ်ထုတ်ဝေရာတွင်အခါပါ စာပေစိစစ်ရေးမူများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားသည်။

(စိုးဝင်း)
အတွင်းရေးမှူး

**ပုံနှိပ်သူများနှင့်ထုတ်ဝေသူများအားလုံး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုစတိုအဖွဲ့**

**၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်**
**(၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်)**

## ညွှန်ကြားချက်(၄၇)

၁။ စာပေစိစစ်ရေးမူဝါဒများအား အဆင့်ဆင့်ပြောင်းလဲကျင့်သုံးဆောင်ရွက်ရာတွင် အုပ်စု(၁)ပါ ဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူထုတ်ဝေသူများအား ထုတ်/တင်စနစ်ဖြင့်လည်းကောင်း၊ အုပ်စု (၂)ပါဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာမူထုတ်ဝေသူများအား တင်/ထုတ်စနစ်ဖြင့်လည်းကောင်း၊ ကျင့်သုံးဆောင်ရွက်မည်ဖြစ်ရာ ထုတ်ဝေ ဖြန့်ချိသည့် စာအုပ်စာစောင်များကို အောက်ပါအတိုင်း စိစစ်ရေးအဖွဲ့များဖွဲ့၍ စိစစ်ဆောင်ရွက်မည်-

(က) **စိစစ်ရေးအဖွဲ့များဖွဲ့စည်းခြင်း။** စိစစ်ရေးအဖွဲ့များကို အောက်ပါ အတိုင်းနှစ်ပိုင်းခွဲခြား၍ ဖွဲ့စည်းဆောင်ရွက်ပါမည်-

(၁) အုပ်စု(၁)ပါဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူများကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှဝန်ထမ်းများနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ ပူးပေါင်းပါဝင်သော စိစစ်ရေးအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်မည်။

(၂) အုပ်စု (၂)ပါဂျာနယ်၊ မဂ္ဂဇင်းနှင့် အထွေထွေစာမူများကို စာပေ စိစစ်နှင့်မှတ်ပုံတင်ဌာန ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော စိစစ်ရေး အဖွဲ့ဖြင့် စိစစ်ဆောင်ရွက်မည်။

(ခ) **စိစစ်သုံးသပ်တင်ပြရေးအဖွဲ့ ဖွဲ့စည်းခြင်း။** စာပေစိစစ်ရေးမူများ နှင့်မကိုက်ညီသော ထုတ်ဝေစာများနှင့်ပတ်သက်၍ ကြီးကြပ်မှုဗဟိုအဖွဲ့သို့ စိစစ်သုံးသပ်တင်ပြနိုင်ရန် စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ သတ်မှတ်ပုဂ္ဂိုလ်များ ပူးပေါင်းပါဝင် သော စိစစ်သုံးသပ်တင်ပြရေးအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်မည်။

၂။ ချမှတ်ပေးထားသည့် စာပေစိစစ်ရေးမူများနှင့်အညီ ရိုက်နှိပ်ထားခြင်းမရှိသော စာအုပ် စာစောင်များနှင့်ပတ်သက်၍ စိစစ်သုံးသပ်တင်ပြရေးအဖွဲ့က ကြီးကြပ်မှုဗဟိုအဖွဲ့သို့ အရေးယူ ဆောင်ရွက်နိုင်ရန် တင်ပြမည်ဖြစ်ပြီး ကြီးကြပ်မှုဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်အရ အောက်ပါနည်းလမ်း များဖြင့် ပုံနှိပ်သူနှင့်ထုတ်ဝေသူများ အပေါ်အရေးယူ ဆောင်ရွက်မည်-

(က) **အုပ်ချုပ်မှုနည်းလမ်းအရအရေးယူခြင်း။** သက်ဆိုင်ရာပုံနှိပ်သူနှင့် ထုတ်ဝေသူအား အုပ်ချုပ်မှုနည်းလမ်းအတိုင်း အရေးယူရန်ညွှန်ကြားပါက အောက်ပါအတိုင်း ဆောင်ရွက်မည်-

(၁) သက်ဆိုင်ရာပုံနှိပ်သူနှင့် ထုတ်ဝေသူအား တစ်ဦးချင်းစီအတွက် အာမခံငွေကျပ်သိန်း(၅၀)တင်သွင်းစေခြင်း။

(၂) အာမခံတင်သွင်းထားသူက ထပ်မံစည်းကမ်း ဖောက်ဖျက်ခြင်းအတွက်အာမခံငွေကျပ်သိန်း(၅၀)မှ ကြီးကြပ်မှုဗဟိုအဖွဲ့ကသိမ်းယူရန် ညွှန်ကြားသောအာမခံငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း။

(၃) သက်ဆိုင်ရာပုံနှိပ်သူနှင့် ထုတ်ဝေသူက အာမခံငွေတင်သွင်းခြင်း၊ သိမ်းဆည်းငွေကိုပြန်လည်ဖြည့်သွင်းခြင်း မပြုပါက ပုံနှိပ်သူနှင့် ထုတ်ဝေသူ၏မှတ်ပုံတင်သက်သေခံလက်မှတ်ကို ရုပ်သိမ်းခြင်း။

(ခ) **ဥပဒေအရအရေးယူခြင်း။** ကြီးကြပ်မှုဗဟိုအဖွဲ့ကဥပဒေအရ အရေးယူရန်ညွှန်ကြားပါက ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ၊ ၁၉၃၃ခုနှစ် ပုံနှိပ်တိုက်အရေးပေါ်အာဏာများအက်ဥပဒေတို့အရ တရားစွဲဆို အရေးယူမည်။

(ဂ) **နစ်နာသူက ဥပဒေအရအရေးယူခြင်း။** သက်ဆိုင်ရာ နစ်နာသူပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခုက တည်ဆဲဥပဒေအရတရားစွဲဆို အရေးယူဆောင်ရွက်နိုင်ခွင့်ရှိသည်။ ယင်းသို့ဥပဒေနှင့်အညီတရားစွဲဆိုခြင်းခံရသော ပုံနှိပ်သူနှင့်ထုတ်ဝေသူအားကြီးကြပ်မှုဗဟိုအဖွဲ့ကသီးခြားအရေးယူမှု မပြုတော့ဘဲ တရားရုံး၏အဆုံးအဖြတ်ကိုစောင့်ဆိုင်း၍ အရေးယူမည်ဖြစ်သည်။

၃။ သို့ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် စာပေစိစစ်ရေးမူများနှင့်အညီ ပုံနှိပ်ထုတ်ဝေကြရန်ဖြစ်ပြီး စာပေစိစစ်ရေးမှုနှင့်မညီဘဲ ပုံနှိပ်ထုတ်ဝေပါက ဤညွှန်ကြားချက်ပါအတိုင်း အဆင့်ဆင့်အရေးယူခြင်းခံရမည် ဖြစ်ကြောင်း ညွှန်ကြားသည်။

(နိုးဝင်း)
အတွင်းရေးမှူး

**ပုံနှိပ်သူများ၊ ထုတ်ဝေသူများအားလုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်သူများ၊ ထုတ်ဝေသူများမှတ်ပုံတင်နှင့်စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ
## ကြီးကြပ်မှုတော်အဖွဲ့

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

### ညွှန်ကြားချက်(၄၈)

၁။ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသည် စာပေစိစစ်ရေးဆိုင်ရာမူဝါဒများကို ခေတ်နှင့်အညီ ပြောင်းလဲကျင့်သုံးလျက်ရှိရာ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ပုံနှိပ်သူ/ထုတ်ဝေသူများက ထုတ်ဝေသည့် စာအုပ်စာစောင်(အချော)များကို စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ အဖိုးအခလွတ် ပေးပို့ရာတွင် ပေးပို့ရမည့် အုပ်ရေ/စောင်ရေတို့ကို သတ်မှတ်ရန် လိုအပ်လာပါသည်။

၂။ ဂျာနယ်၊ မဂ္ဂဇင်းနှင့်အထွေထွေစာမူထုတ်ဝေသူများသည် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်နည်းဥပဒေ(၁၄)၊ (၁၅)အရ ပုံနှိပ်ဖြန့်ချိထုတ်ဝေရောင်းချမည့် စာအုပ်၊ စာစောင်များကို ဖြန့်ချိသည့်အခါတိုင်း ထုတ်ဝေသည့် စာအုပ်၊စာစောင် (၂၅)အုပ်/စောင်အား စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ ဦးစွာပေးပို့စာရင်းပေးသွင်းပြီးမှသာ ဖြန့်ချိကြရန်ဖြစ်သည်။

၃။ ပုံနှိပ်သူ/ ထုတ်ဝေသူများသည် စာအုပ်စာစောင်များကို စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန သို့ပေးပို့ရန် ပျက်ကွက်ပါက ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေပုဒ်မ (၁၆)အရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

(စိုးဝင်း)
အတွင်းရေးမှူး

ပုံနှိပ်သူများနှင့်ထုတ်ဝေသူများအားလုံး

**နိဂုံး**

၇။ ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေ၊ အမှာစာနှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းအားဖြင့် မီဒီယာလောက အနေဖြင့် စတုတ္ထမဏ္ဍိုင်အဖြစ် တိုင်းပြည်နှင့်လူမျိုး အကျိုးဖော်ဆောင်ရာတွင် ထိရောက်စွာပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။